# 8 iPhone Ringtone Apps

အခုဖော်ပြပေးမယ့် အခမဲ့ iPhone ringtone app တွေကိုသုံးပြီး ကိုယ့်ရဲ့ရှိပြီးသား iPod library ထဲကနေ ringtone တွေ ဖန်တီးနိုင်ပါတယ်။

အားနည်းချက်ကတော့ ဒီ app အများစုဟာ ကြော်ငြာတွေနဲ့ အသုံးပြုရခက်တဲ့ interface တွေ ပါဝင်တာပဲ ဖြစ်ပါတယ်။ ဒီ app တွေက အခမဲ့ဖြစ်ပေမယ့် iTunes ကနေ သီချင်းတွေ download လုပ်ဖို့ ငွေကြေး ကုန်ကျခံရဦးမှာပါ။

## ❶ Ringtone Maker by Mobile17




Ringtone maker က ကိုယ့်စိတ်ကြိုက် ringtone တွေကို ပြုလုပ်နိုင်တဲ့ app တွေထဲကတစ်ခု အပါအဝင် ဖြစ်ပါတယ်။ တခြား app တွေနဲ့ မတူတာကတော့ ringtone ကို ကိုယ် edit လုပ်တဲ့အခါ အချိန်ကုန်သက်သာစေဖို့ start time တွေ သတ်မှတ်ပေးပါတယ်။ ပိုကောင်းတာကတော့ ဒီအခမဲ့ app ကို iOS 4.0 နဲ့ နောက်ပိုင်း run ထားတဲ့ iPhone တွေမှာ အသုံးပြုနိုင်တာပဲ ဖြစ်ပါတယ်။



## ❷ Ringtone designer

Ringtone designer မှာတော့ ringtone က စက္ကန့် ၃၀ အထိ အကြာဆုံးဖြစ်ပါတယ်။ ဒီအခမဲ့ app က အသုံးပြုရလွယ်ကူပါတယ်။ iPod lirary ထဲကနေ သီချင်းတစ်ပုဒ်ကို ရွေးချယ်လိုက်ပါ။ ပြီးရင် ကိုယ် ringtone ပြုလုပ်ချင်တဲ့အပိုင်းကို select လုပ်ပါ။ Ringtone တွေအများကြီးကို ဖန်တီးပြီး contact list ထဲမှာ ရှိတဲ့လူတစ်ယောက်ချင်းစီကို စိတ်ကြိုက် ringtone တွေ add ထားလို့ရပါပြီ။ အခပေး app အဖြစ် upgrade လုပ်လိုက်ရင် အချိန်ပိုကြာတဲ့ ringtone တွေကို ဖန်တီးနိုင်မှာဖြစ်ကာ ကြော်ငြာတွေ ဖယ်ရှားနိုင်မှာဖြစ်တယ်။

## ❸ Myxer Ringtones



iPod library ထဲကနေ ringtone တွေ ဖန်တီးနိုင်တဲ့အပြင် Myxer Ringtnes app မှာလည်း ringtone တွေ ရွေးချယ်နိုင်ဖို့ library တစ်ခုပါရှိ ပါတယ်။ ဒီအချက်ကြောင့် သုံးရတာပိုအဆင်ပြေသွားစေပါတယ်။ အထူးသဖြင့် ရှိပြီးသားသီချင်းတွေကို ငြီးငွေ့လာတဲ့အခါ ပိုအဆင်ပြေပါတယ်။ လူကြိုက်များတဲ့သီချင်းတွေဆိုရင် တခြား user တွေ ရွေးချယ်သတ်မှတ်ထားတဲ့အပိုင်းတွေကို တွေ့နိုင်ပြီး ကိုယ် edit လုပ်တဲ့အခါနည်းနည်းလေး မြန်ဆန်သွားစေပါတယ်။

## ❹ Ringtone Converter

ကိုယ့်ရဲ့လက်ရှိ iPod music library ထဲကနေ မရေတွက်နိုင်တဲ့အခမဲ့ ringtone တွေ ဖန်တီးဖို့အတွက် မှန်ကန်တဲ့ရွေးချယ်မှုတစ်ခုဖြစ်ပါတယ်။ အခမဲ့ ringtone app အများစုလိုပါပဲ အချိန်အကြာဆုံး စက္ကန့် ၃၀ အထိပဲ ရပါတယ်။ ပြီးတော့ အသုံးပြုရတာလည်း အရမ်းလွယ်ကူပါတယ်။ သူ့ရဲ့ interface က ပြိုင်ဘက် app တွေလောက် ချောမွေ့မှုမရှိပေမယ့် Ringtone Converter က ရွေးချယ်စရာတစ်ခုအဖြစ် ရှိနေပါသေးတယ်။






## ❺ Ringtone DJ

Ringtone DJ မှာ ringtone တွေ ပြုလုပ်ဖို့ အဓိက interface ကတော့ DJ mixing board ပဲဖြစ်ပါတယ်။ သီချင်းရဲ့ လိုချင်တဲ့အပိုင်းကို select လုပ်ပြီး preview ပြန်ကြည့်လို့လည်း ရပါတယ်။ ကုတ်ခြစ်တဲ့အသံ၊ အသံအနိမ့်အမြင့်၊ voice recording စတဲ့ effect တွေ ထပ်လိုချင်တယ်ဆိုရင်တော့ in-app မှာ ဝယ်လို့ရပါတယ်။ Effect တွေ အသုံးပြုရတာကောင်းပေမယ့် သူ့ရဲ့ interface က အသုံးပြုဖို့ နည်းနည်းတော့ ရှုပ်ထွေးပါတယ်။

## ❻ Ringtones X

ဂီတသံ ringtone တွေကိုလည်း လိုချင်တယ်။ ဒါပေမဲ့ ကိုယ့်မှာလည်း download လုပ်ထားတဲ့သီချင်းများများ မရှိဘူးဆိုရင် Ringtones X ကို သုံးကြည့်ပါ။ ကိုယ့်မှာရှိတဲ့သီချင်းတွေကို ringtone လုပ်မယ့်အစား Ringtones X မှာ ရွေးချယ်ကြည့်ပါ။ ပြဿနာတစ်ခုကတော့ သီချင်းတွေအားလုံးက အနုပညာ ရှင်တွေကိုယ်တိုင် သီဆိုထားတာမဟုတ်ပါဘူး။ တချို့အသံတွေက တော်တော်လေး နားထောင်ကောင်းပေမယ့် တချို့ ringtone တွေက မူရင်း အသံတွေနဲ့ တော်တော်လေး ကွာပါတယ်။






## ❼ Ringtone Maker

Ringtone Maker ကတော့ ringtone တစ်ခုကို စက္ကန့် ၄၀ ကြာထိ ပြုလုပ်နိုင်ပါတယ်။ Professional sounding effect တွေ ရရှိနိုင်ဖို့ အသံအတိုးအကျယ် ပြုလုပ်နိုင်ပါတယ်။ ဒါပေမဲ့ iPhone 3GS နဲ့ နောက်ပိုင်း၊ ဒါမှမဟုတ် iOS 4 နဲ့ နောက်ပိုင်းဖြစ်ဖို့တော့ လိုအပ်ပါတယ်။

## ❽ Create Ringtones

Create Ringtones မှာလည်း ကိုယ့်စိတ်ကြိုက် ringtone တွေ ဖန်တီးနိုင်ပါတယ်။ ဒါပေမဲ့ သူ့မှာ အသုံးပြုရလွယ်ကူတဲ့ feature တချို့ပေါင်းထည့်ပေးထားပါတယ်။ iPhone ရဲ့ microphone ကို အသုံးပြုပြီး ကိုယ်ပိုင် ringtone လည်း ဖန်တီးနိုင်သလို သူငယ်ချင်း တွေဆီကိုလည်း ကိုယ့်ရဲ့ ringtone ကို email နဲ့ ပို့နိုင်ပါတယ်။ အားနည်းချက်ကတော့ အခမဲ့ လုပ်နိုင်တဲ့ ringtone တွေက စက္ကန့် ၃၀ လောက်ပဲကြာနိုင်ပြီး စက္ကန့် ၄၀ ကြာတဲ့ ringtone လိုချင်ရင် ၀.၉၉ ဒေါ်လာ ကျသင့်မှာဖြစ်ပါတယ်။ Ringtone maker လိုပါပဲ။ Create ringtone app ကလည်း iPhone 3GS နဲ့ နောက်ပိုင်းတွေမှာသာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ■

